

# လာလော့၊ ငါ့နောက်သို့လိုက်လော့- မေလခိဇေဒက်ယဇ်ပုရောဟိတ်အခွင့်နှင့် လူမှုသက်သာရေးအဖွဲ့အတွက်




ရင်းမြစ်များကို ဧဝံဂေလိတရားတော် စာကြည့်တိုက် အသုံး နှင့် comefollowme.lds.org. တွင်ရှာပါ။

# ကွဲပြားချက်သည် မည်သည့်အရာဖြစ်သနည်း။

ဤနောက်ပိုင်းကာလများတွင်၊ ဘုရားသခင်သည် ယဇ်ပုရောဟိတ်အခွင့်ကို ပြန်လည်ဆောင်ယူပြီး၊ သူ၏အမှုတော် ပြီးမြောက်စေခြင်းအတွက်ကူညီရန် ယဇ်ပုရောဟိတ်အဖွဲ့နှင့် လူမှုသက်သာရေးအဖွဲ့တို့ကို ဖွဲ့စည်းထားပါသည် (မောရှေ ၁း၃၉ တွင်ကြည့်ပါ)။ ထို့ကြောင့်၊ တနင်္ဂနွေနေ့တိုင်းတွင်၊ မေလခိဇေဒက်ယဇ်ပုရောဟိတ်အခွင့်နှင့် လူမှုသက်သာရေးအဖွဲ့အစည်းအဝေးများ၌ စုဝေးကြသောအခါ၊ ကျွန်တော်တို့သည် သူ၏အမှုတော်ကို မည်သို့ ပြီးမြောက်ကြစေမည့်အကြောင်း ဆွေးနွေးရန် စုဝေးကြပါသည်။ ထို့ကြောင့်ပင်၊ ဤအစည်းအဝေးများသည် စာသင်ချိန်များထက် ပို၍ရှိရန်လိုအပ်ပါသည်။ ထိုအစည်းအဝေးများမှာ ကယ်တင်ခြင်းအမှုတော်အကြောင်းတိုင်ပင်ရန်၊ ထိုအမှုတော်အကြောင်း အသင်းတော်ခေါင်းဆောင်များ၏သွန်သင်ခြင်းများမှ သင်ယူရန်နှင့် ထိုအမှုတော်ကို ပြီးမြောက်စေခြင်းငှာနေရာတကျဖွဲ့စည်းရန်တို့အတွက် တိုင်ပင်နိုင်ဖို့ အခွင့်အလမ်းများလည်းဖြစ်ပါသည်။ ကျွန်တော်တို့၏တနင်္ဂနွေအစည်းအဝေးများအတွက် ဤအပြောင်းအလဲများသည် ဤရည်ရွယ်ချက်များကို ကျွန်တော်တို့ ပြီးပြည့်စုံစေရန်ကူညီမည်ဖြစ်ပါသည်။

## လစဉ်အချိန်ဇယား

တနင်္ဂနွေမေလခိဇေဒက်ယဇ်ပုရောဟိတ်အခွင့်နှင့် လူမှုသက်သာရေးအဖွဲ့အစည်းအဝေးများသည် ဤအချိန်ဇယားအတိုင်းဖြစ်ရမည်။

| သီတင်းပတ် | ရည်ရွယ်ချက် |
|---|---|
| ပထမဆုံးတနင်္ဂနွေနေ့ | ဒေသအလိုက်တာဝန်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအကြောင်းအတူတကွတိုင်ပင်၍ ဆောင်ရွက်ရန်အစီအစဉ်များပြုလုပ်ခြင်း။ |
| ဒုတိယနှင့် တတိယတနင်္ဂနွေနေ့များ | ဥက္ကဌအဆင့် သို့မဟုတ် အုပ်စုခေါင်းဆောင်များမှ သို့မဟုတ် အခါသမယအားလျော်စွာ သင်းအုပ်သို့မဟုတ် မြို့နယ်ဥက္ကဌမှ ရွေးချယ်ပေးသော မကြာသေးသည့်အထွေထွေညီလာခံအမှာစကားများကို လေ့လာခြင်း။ |
| စတုတ္ထတနင်္ဂနွေနေ့ | ပထမဥက္ကဌအဆင့်နှင့် တမန်တော်တစ်ကျိပ်နှစ်ပါးအဖွဲ့မှ ရွေးချယ်ပေးသော အကြောင်းအရာများကို ဆွေးနွေးခြင်း။ |
| ပဥ္စမတနင်္ဂနွေနေ့ | သင်းအုပ်နှင့်အတိုင်ပင်ခံအဖွဲ့မှရွေးချယ်ပေးသည့်အကြောင်းအရာကို ဟောပြောခြင်း။ |

## ကျွန်တော်တို့အစည်းအဝေးများအတွက်ပုံစံ

ကျွန်တော်တို့၏မေလခိဇေဒက်ယဇ်ပုရောဟိတ်အခွင့်နှင့် လူမှုသက်သာရေးအဖွဲ့အစည်းအဝေးတိုင်းတွင် ကျွန်တော်တို့သည် ဘုရားသခင်၏အမှုတော်ကိုပြီးမြောက်စေခြင်းငှာ ပုံစံတစ်ခုကို လိုက်နာကြပါသည်။

၁၊ အလျင် ယဇ်ပုရောဟိတ်အခွင့် သို့မဟုတ် လူမှုသက်သာရေးအဖွဲ့အစည်းအဝေးများ၏ထင်မြင်ချက်များနှင့် ဖိတ်ခေါ်ခြင်းတို့မှရရှိသည့် အကျိုးဆက်အတွေ့အကြုံများကို ဝေငှခြင်း ( ဥက္ကဌအဆင့်အဖွဲ့ဝင် သို့မဟုတ် အုပ်စုခေါင်းဆောင်မှ ဦးဆောင်၍)

၂၊ အတူတကွတိုင်ပင်ခြင်း (ပထမဆုံးတနင်္ဂနွေနေ့၊ ဥက္ကဌအဆင့်အဖွဲ့ဝင် သို့မဟုတ် အုပ်စုခေါင်းဆောင်မှ ဦးဆောင်၍) သို့မဟုတ် အတူတကွသင်ယူခြင်း (ဒုတိယ၊ တတိယနှင့် စတုတ္ထတနင်္ဂနွေနေ့များ၊ ဖိတ်ခေါ်ခံဆရာမှ ဦးဆောင်၍)။

၃၊ အဖွဲ့တစ်ဖွဲ့ အနေဖြင့် သို့မဟုတ် တစ်ဦးချင်းအနေဖြင့် ဆောင်ရွက်ရန် စီစဉ်ခြင်း (ဥက္ကဌအဆင့်အဖွဲ့ဝင် သို့မဟုတ် အုပ်စုခေါင်းဆောင်မှ ဦးဆောင်၍)။





# ပထမဆုံးတနင်္ဂနွေနေ့ ကောင်စီအစည်းအဝေးများ

လတိုင်း၏ပထမဆုံးတနင်္ဂနွေနေ့တွင်၊ အဖွဲ့၊ အုပ်စုနှင့် လူမှုသက်သာရေးအစည်းအဝေးများတွင် ဆရာတစ်ယောက်မှ သွန်သင်သောသင်ခန်းစာ ပါဝင်မည်မဟုတ်။ ထိုအရာအစား၊ ဥက္ကဋ္ဌအဆင့် သို့မဟုတ် အုပ်စုခေါင်းဆောင်များက ကောင်စီအစည်းအဝေးကို ဦးဆောင်ကြမည်။ အဖွဲ့၊ အုပ်စု၊ သို့မဟုတ် လူမှုသက်သာရေးအဖွဲ့တစ်ဖွဲ့ချင်းသည် ဒေသအလိုက်တာဝန်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအကြောင်းအတူတကွတိုင်ပင်၍၊ အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်၏အတွေ့အကြုံများမှ သင်ခန်းစာယူ၍၊ ဝိညာဉ်တော်ထံမှ လက်ခံရရှိသော ထင်မြင်ချက်များကို ဆောင်ရွက်ရန်နည်းလမ်းများကို စီစဉ်ကြမည်။

## ကောင်စီအစည်းအဝေးမတိုင်မီ

ခေါင်းဆောင်များသည် ဒေသအလိုက်တာဝန်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်၍၊ ဆွေးနွေးမည့်အကြောင်းအရာကို ဆုတောင်းချက်ထက်သန်စွာဖြင့် ရွေးချယ်ရန်။
လူတိုင်းသည် ဝိညာဉ်တော်၏လမ်းညွှန်မှုကို ရှာရန်။
လူတိုင်းသည် ဝေမျှရန်အတွက် အတွေးများနှင့် အတွေ့အကြုံများကို ပြင်ဆင်ရန်။

## ကောင်စီအစည်းအဝေးကျင်းပလျက်ရှိစဉ်တွင်

ခေါင်းဆောင်များသည် အသင်းသားများကို အလျင်အစည်းအဝေးများမှသူတို့ရှိခဲ့သည့် ထင်မြင်ချက်များအတိုင်း ဆောင်ရွက်ခြင်းမှ အတွေ့အကြုံများကို ဝေမျှစေခြင်းဖြင့် ဖိတ်ခေါ်ရန်။
လူတိုင်းသည် အကြောင်းအရာအကြောင်း အတူတကွတိုင်ပင်၍၊ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်နားထောင်၍၊ ဝိညာဉ်တော်၏လမ်းညွှန်မှုကို ရှာရန်။
ခေါင်းဆောင်များသည် အရေးကြီးသောအချက်များကို အကျဉ်းချုပ်ပြီးလျှင်၊ ဆောင်ရွက်စေခြင်းဖြင့် ကမ်းလှမ်းဖိတ်ခေါ်ရန်။
ကောင်စီအစည်းအဝေးအပြီးတွင်
လူတိုင်းသည် ထင်မြင်ချက်များနှင့် ဖိတ်ခေါ် ခြင်းများကို အတူတကွသော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း ဆောင်ရွက်ရန်။
လူတိုင်းသည် နောက်လာမည့်အစည်းအဝေးများ၌ မိမိတို့၏အတွေ့အကြုံများကိုဝေမျှခြင်းဖြင့် ပြင်ဆင်ရန်။



"ဗျာဒိတ်တော်သည် ကျွန်တော်တို့၌ ပုံ့နှံ့၏။" ၁

အယ်လဒါ နေးလ် အယ်၊ အန်ဒါဆန်၊

## ကောင်စီအစည်းအဝေးအပြီးတွင်

လူတိုင်းသည် ထင်မြင်ချက်များနှင့် ဖိတ်ခေါ် ခြင်းများကို အတူတကွသော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း ဆောင်ရွက်ရန်။
လူတိုင်းသည် နောက်လာမည့်အစည်းအဝေးများ၌ မိမိတို့၏အတွေ့အကြုံများကိုဝေမျှခြင်းဖြင့် ပြင်ဆင်ရန်။

"ကျွန်တော်တို့သည် သူ၏လက်များဖြစ်ကြ၏။" ၂

ဥက္ကဋ္ဌ ဒီးယက်တာ အက်ဖ်၊ ဥခ်ဒေါ့ဖ်၊

မှတ်စုများ
၁၊ နေးလ် အယ်လ်၊ အန်ဒါဆင်၊ အာဒမ် စီ၊ အိုလဆင်၊ " သင်တန်းလက်စွဲစာအုပ်သည် ကယ်တင်ခြင်းအမှုတော်ကို အလေးထား၏" အင်ဇိုင်း သို့မဟုတ် လီယာ့ဟိုနာ၊ ဧပြီ၊ ၂၀၁၁၊ ၇၆ မှ။
၂၊ ဒီးယက်တာ အက်ဖ်၊ ဥဒေါ့ဖ်၊ "သင်တို့သည် ငါ၏လက်များဖြစ်ကြ၏၊" အင်ဇိုင်း သို့မဟုတ် လီယာ့ဟိုနာ၊ မေ ၂၀၁၀၊ ၆၈။

## အတူတကွတိုင်ပင်ခြင်း၏ အခြေခံသဘောတရားများ

ကောင်စီအစည်းအဝေးအားလုံးသည် မတူညီပေ။ ကိုယ်တော်ရှင်သည် သင်တို့အား သွန်သင်ခွင့်ပေးပါ။ သင်တို့စတင်ရန် အခြေခံသဘောတရားအချို့မှာ၊

၁၊ ကောင်စီအစည်းအဝေး၏ရည်ရွယ်ချက်မှာ ဒေသအလိုက်တာဝန်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအကြောင်းအတူတကွတိုင်ပင်ရန်၊ အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်၏အတွေ့အကြုံများမှ သင်ခန်းစာယူရန်၊ ဝိညာဉ်တော်ထံမှ လက်ခံရရှိသော ထင်မြင်ချက်များကို ဆောင်ရွက်ခြင်းဌာနည်းလမ်းများကို စီစဉ်ရန်ဖြစ်ပါသည်။

၂၊ကောင်စီအစည်းအဝေးတစ်ခုမှ ဦးတည်သင့်သည့် ဆောင်ရွက်ချက်မှာ - တစ်ဦးချင်းနှင့် အုပ်စု အစီအစဉ်များ၊ ဝိညာဉ်တော်၏လမ်းပြနှိုးဆော်ခြင်းအားဖြင့်၊ ကိုယ်တော်ရှင်၏အမှုတော်ကို ပြီးမြောက်စေခြင်းဌာ အစည်းအဝေးပြင်ပ၌ ဆောင်ရွက်ရန်ဖြစ်သည် (အယူဝါဒနှင့်ပဋိညာဉ်ကျမ်း ၄၃း၈-၉ တွင်ကြည့်ပါ)။

၃၊ကောင်စီသည် ဆွေးနွေးခြင်းကို လမ်းညွှန်ရန်နှင့် အထောက်အကူပြုရန် ကျမ်းစာများ၊ နောက်ပိုင်းကာလသန့်ရှင်းသူပရောဖက်များနှင့် တမန်တော်များ၊ အခြားသောအထွေထွေအာဏာရှိများ၊ ထို့အတူ အထွေထွေအရာရှိများ၏ စကားတို့ကို အသုံးပြုသင့်သည်။ ဤနည်းအားဖြင့်၊ လမ်းပြလှုံ့ဆော်သောအသင်းတော်ခေါင်းဆောင်တို့၏ စကားများသည် အဖွဲ့၊ အုပ်စုနှင့် လူမှုသက်သာရေးအဖွဲ့တို့ အရေးကြီးလိုအပ်ချက်များကိုဖြေရှင်းရာ၌ ကူညီနိုင်ပေသည်။

၄၊ ဆွေးနွေးခြင်းများသည် အသင်းသားတစ်ဦးချင်း သို့မဟုတ် မိသားစုများ၏ လျှို့ဝှက်အပ်သော၊ သို့မဟုတ် သတိထားရသောအရာနှင့် မပတ်သက်သင့်ပေ။

၅၊ ကောင်စီအစည်းအဝေးကို ဥက္ကဋ္ဌအဆင့်အဖွဲ့ဝင် သို့မဟုတ် အုပ်စုခေါင်းဆောင်အဖွဲ့ဝင်အားဖြင့် ဦးဆောင်သော်လည်း၊ သူ သို့မဟုတ် သူမသည် ဝေငှခြင်းကို ကြီးစိုးမလွှမ်းမိုးသင့်ပေ။ ခေါင်းဆောင်သည် ကိစ္စတစ်ရပ်ကို ဆွေးနွေးခြင်းအတွက်စတင်ပြီး၊ ဝိညာဉ်တော်၏လမ်းပြမှုအတိုင်း အတွေးများနှင့် အတွေ့အကြုံများကို ဝေငှစေခြင်းဌာ လူတိုင်းကို ဖိတ်ခေါ်၏။

၆၊ ပါဝင်စေဖို့ အတင်းစေခိုင်းခြင်းကို အဘယ်သူမျှမခံရသင့်သလို၊ လူတိုင်းသည် ဝေဖန်ခံရခြင်းကို ကြောက်ရွံ့ခြင်းမရှိရဘဲ သုံးသပ်ချက်များနှင့် စိတ်ကူးများကို စိတ်ချစွာဝေငှနိုင်သည်ဟု ခံစားစေသင့်ပေသည်။

၇၊ ဖြစ်နိုင်သောနေရာတွင်၊ စက်ဝိုင်းပုံထိုင်ခြင်းသည် ဝေငှခြင်းနှင့် ပွင့်လင်းစွာဆွေးနွေးခြင်းစိတ်သဘောကို ပျိုးထောင်ပေသည်။

## ပထမဆုံးတနင်္ဂနွေနေ့အစည်းအဝေးများအတွက် ဖြစ်နိုင်သောအကြောင်းအရာများ

ကောင်စီအစည်းအဝေး၌ ဆွေးနွေးရန်အကြောင်းအရာများ၏စိတ်ကူးများသည် ရပ်ကွက်ကောင်စီ၊ ဥက္ကဋ္ဌအဆင့်အစည်းအဝေးများ၊ ဒေသအစီအစဉ်၊ အသင်းသားများသို့ အမှုဆောင်ခြင်းမှ ခေါင်းဆောင်များ၏ထင်မြင်ချက်များ၊ သန့်ရှင်းသောဝိညာဉ်တော်ထံမှ ထင်မြင်ချက်များတို့ထံမှ လာနိုင်ပေသည်။ အောက်ပါအကြောင်းအရာများသည် အကြံပြုချက်များသာဖြစ်ပေသည်။ ခေါင်းဆောင်များသည် မိမိတို့ဖြေရှင်းရန် လမ်းပြလှုံ့ဆော်ခြင်းခံရသည်ဟု ခံစားရသော အခြားလိုအပ်ချက်များကို သတိပြုနိုင်ပေသည်။

- ကျွန်တော်တို့သည် ကျွန်တော်တို့၏ကွဲပြားသောတာဝန်အားလုံးတို့ကို မည်ကဲ့သို့ ပို၍ကောင်းစွာ ဦးစားပေးသတ်မှတ်နိုင်သနည်း။
- ကျွန်တော်တို့သည် မည်ကဲ့သို့အားဖြင့် ဘုရားသခင်ထံသို့ ပို၍နီးကပ်လာနိုင်ပြီး၊ ကျွန်တော်တို့၏အသက်တာများနှင့် ကျွန်တော်တို့၏အိမ်များ၌ ဝိညာဉ်တော်ထံမှ လမ်းညွှန်မှုကို သာ၍လက်ခံရရှိနိုင်သနည်း။
- ကျွန်တော်တို့သည် ဧဝံဂေလိတရားတော်ကို ကျွန်တော်တို့၏မိတ်ဆွေများနှင့် အိမ်နီးချင်းတို့အား မည်ကဲ့သို့ ဝေငှမည်နည်း (အယ်လမာ ၁၇ တွင်ကြည့်ပါ)။
- ကျွန်တော်တို့သည် ကျွန်တော်တို့ကိုယ်တိုင်နှင့် ကျွန်တို့၏မိသားစုများအား မသင့်လျော်သောလူထုဆက်သွယ်ရေးလမ်းကြောင်းနှင့် ကိလေသာညစ်ညမ်းခြင်းတို့ထံမှ မည်သို့ ကာကွယ်နိုင်သနည်း (အယူဝါဒနှင့်ပဋိညာဉ်ကျမ်း ၄၂း၂၂-၂၃ တွင်ကြည့်ပါ)။
- ကျွန်တော်တို့သည် ကျွန်တော်တို့၏ကလေးများနှင့် ကျွန်တော်တို့ရပ်ကွက်ရှိ ကျွန်တော်တို့၏ လူငယ်များကို သင်ပြလမ်းညွှန်ရန်နှင့် ခွန်အားဖြည့်ရန် ကူညီခြင်းဌာ မည်သည့်အရာကို ပြုမည်နည်း။
- ကျွန်တော်သည် ကျွန်တော်တို့၏အဖွဲ့၊ အုပ်စု သို့မဟုတ် လူမှုသက်သာရေးအဖွဲ့၌ စည်းလုံးခြင်းကို မည်ကဲ့သို့တိုးပွားစေသနည်း (မိုဇိယ ၁၈း၁၉-၂၂ တွင်ကြည့်ပါ)။
- ကျွန်တော်တို့သည် မိသားစုသမိုင်းအမှုနှင့် ဗိမာန်တော်ဝတ်ပြုခြင်းတို့တွင် မည်ကဲ့သို့အားဖြင့် ပို၍ပါဝင်နိုင်ကြသနည်း။
- ကျွန်တော်တို့သည် ကျွန်တော်တို့၏မေးခွန်းများအတွက် အဖြေများနှင့် ဧဝံဂေလိတရားတော်အား သာ၍လေးနက်သောနားလည်ခြင်းတို့ကို ရှာရာ၌ ကိုယ်တော်ရှင်၏အကူအညီကို မည့်ကဲ့သို့ ဖိတ်ခေါ် ကြသနည်း။
- မိဘများသည် အိမ်တွင် မည်ကဲ့သို့အားဖြင့် ပို၍ကောင်းသောခေါင်းဆောင်များဖြစ်လာနိုင်ကြသနည်း။
- ကျွန်တော်တို့သည် ကိုယ်တော်ရှင်နှင့် သူ၏ဧဝံဂေလိတရားတော်အကြောင်း ကျွန်တော်တို့၏သက်သေခံချက်များကို မည်ကဲ့သို့ ခွန်အားဖြည့်နိုင်ပြီး၊ ကျွန်တော်တို့၏မိသားစုများကို ဝိညာဉ်ပကတိကိုယ်ထူကိုယ်ထဖြစ်နိုင်စေခြင်းဌာ ကူညီနိုင်ကြသနည်း။
- အမှုဆောင်ရန်ဆိုသည်မှာ မည်သည့်အဓိပ္ပာယ်ကို ဆောင်သနည်း။ ကျွန်တော်တို့သည် ကျွန်တော်တို့ပတ်ဝန်းကျင်၌ရှိသောသူတို့ကို မည်ကဲ့သို့ အမှုဆောင်လျက်ရှိကြသနည်း။ (၁ ပေ ၄း၁၁ တွင်ကြည့်ပါ)။

ဖြစ်နိုင်လျှင်၊ ခေါင်းဆောင်များသည် အသင်းသားတို့အား အကြောင်းအရာများကို ဆွေးနွေးရန် ပြင်ဆင်၍လာနိုင်ခြင်းဌာ ကြိုတင်၍ အသိပေးလိုက ပေးနိုင်ပါသည်။



## ဒုတိယနှင့် တတိယတနင်္ဂနွေနေ့အစည်းအဝေးများ

လတိုင်း၏ဒုတိယနှင့် တတိယတနင်္ဂနွေနေ့များတွင်၊ မေလခိဇေဒက်ယဇ်ပုရောဟိတ်အခွင့်အဖွဲ့နှင့် လူမှုသက်သာရေးအဖွဲ့တို့သည် အသက်ရှင်သောပရောဖက်များ၊ တမန်တော်များနှင့် အခြားအသင်းတော်ခေါင်းဆောင်များ၏ လတ်တလောအထွေထွေညီလာခံမှ သွန်သင်ခြင်းတို့ကို လေ့လာကြသည်။ လတ်တလော**အဖြစ်ဆုံး**အထွေထွေညီလာခံမှ အဘယ်အမှာစကားကိုဖြစ်စေ ဆွေးနွေးနိုင်ပါသည်။ ဖြစ်ရပ်အများစုတွင်၊ သင်းအုပ်သို့မဟုတ် မြို့နယ်ဥက္ကဋ္ဌမှ အကြံပြုနိုင်သော်လည်း အဖွဲ့ဥက္ကဋ္ဌအဆင့်၊ အုပ်စုခေါင်းဆောင်မှု၊ သို့မဟုတ် လူမှုသက်သာရေးအဖွဲ့ဥက္ကဋ္ဌအဆင့်တို့သည် အသင်းသားတို့၏လိုအပ်ချက်ပေါ်အခြေခံ၍၊ ညီလာခံအမှာစကားကို ရွေးချယ်လိမ့်မည်။ ခေါင်းဆောင်များသည် ပထမဆုံးတနင်္ဂနွေနေ့ကောင်စီအစည်းအဝေး၌ ဆွေးနွေးခဲ့သည်အကြောင်းအရာနှင့်ပတ်သက်သည့် အမှာစကားကို ရွေးချယ်နိုင်သည်၊ သို့မဟုတ်၊ ဝိညာဉ်တော်၏လမ်းပြလှုံ့ဆော်ခြင်းကိုအခြေခံ၍ တစ်ခြားအမှာစကားကို သူတို့ ရွေးချယ်နိုင်ပေသည်။ ခေါင်းဆောင်များနှင့်ဆရာများသည် အသင်းသားတို့အား ရွေးချယ်ထားသောအမှာစကားများကို ကြိုတင်ဖတ်ရှုပြီး၊ အတွေးအမြင်များကို ဝေမျှရန်ပြင်ဆင်လာစေခြင်းငှာ တိုက်တွန်းရန်နည်းလမ်းများကို ရှာဖွေသင့်ပါသည်။ ကယ်တင်ရှင်၏သွန်သင်ခြင်းနည်းလမ်းအခြေခံသဘောတရားများကို အခြေခံထားသော အောက်ပါသင်ယူခြင်းလှုပ်ရှားမှုများသည် အသင်းသားများ အထွေထွေညီလာခံအမှာစကားများမှ သင်ယူရာ၌ ပါဝင်နိုင်ပါသည်။

**ရှယ်ရွန် ယူဘန့်၊** "သင့်အလင်းကို ဖွင့်ပါ" သင်၏အဖွဲ့ သို့မဟုတ် လူမှုသက်သာရေးအဖွဲ့ အသင်းသားတို့အား သူတို့၏အသက်တာများကို ဖြောင့်မတ်ပြီး၊ သစ္စာရှိသောအမျိုးသမီးတစ်ဦးကြောင့် မည်ကဲ့သို့ အပြီးအပိုင်လွှမ်းမိုးမှုရှိခဲ့လေကြောင်းကို စဉ်းစားစေပါ။ ညီအစ်မ ယူဘန့်၏အမှာစကား၌အကြမ်းဖျဉ်းဖော်ပြထားသည့် ဖြောင့်မတ်သောအမျိုးသမီး၏ တစ်ခုသို့မဟုတ်တစ်ခုထက်ပိုသော ထူးခြားသည့်လက္ခဏာများကို ဤအမျိုးသမီးက မည်သို့သရုပ်ဖော်ကြောင်း ဝေမျှစေခြင်းငှာ အသင်းသားအနည်းငယ်အား ဖိတ်ခေါ်ခြင်းကို ဆင်ခြင်ပါ။ ကျွန်ုပ်တို့သည် နောက်ပိုင်းကာလများ၌ အသင်းတော်၏ အရေးအတွက်နှင့် ဝိညာဉ်ပကတိနှစ်ခုစလုံး ကြီးထွားမှုတွင် မည်သို့အားဖြင့် အရေးပါသောအင်အားဖြစ်လာနိုင်ကြောင်း ညီအစ်မယူဘန့်ထံမှ သင်ခန်းစာရသနည်း။

**နီးလ် အက်ဖ် မယ်ရီရော့၊** "ဘုရားသခင်ထံ၌ နေထိုင်ခြင်းနှင့် ကျိုးပေါက်ခြင်းကို ပြန်လည်ပြင်ဆင်ခြင်း" ဘုရားသခင်နှင့် သို့မဟုတ် မိမိတို့ပတ်ဝန်းကျင်၌ရှိသောသူများနှင့် ကွဲကွာနေသည်ဟု ခံစားရနိုင်သောသူများကို ဤအမှာစကားက ကူညီနိုင်ပါသည်။ ကျိုးပေါက်ခြင်းဆိုသည်မှာ မည်သည်ဖြစ်သည်ကို သင်သွန်သင်ပေးသည့်သူများနားလည်နိုင်စေရန် မည်သည့်အရာကကူညီလိမ့်မည်နည်း။ သင်သည် အမျိုးမျိုးသော ကျိုးပေါက်ခြင်းရုပ်ပုံများကို ယူဆောင်လာနိုင်ပါသည်။ ညီအစ်မမယ်ရီရော့က ကျိုးပေါက်ခြင်းကို မည်ကဲ့သို့ အဓိပ္ပာယ်သတ်မှတ်သနည်း။ ဘုရားသခင်နှင့်သော်လည်းကောင်း၊ အခြားသောသူများနှင့်သော်လည်းကောင်း ကျွန်ုပ်တို့၏ဆက်ဆံရေးမှာ ကျိုးပေါက်ခြင်းက မည်သည့်အရာကို ဖြစ်နိုင်စေသနည်း။ ကျွန်ုပ်တို့၏အသက်တာများ၌ ကျိုးပေါက်ခြင်းများကို ပြန်လည်ပြင်ဆင်ရန် ကျွန်ုပ်တို့ပြုနိုင်သည့်အရာအကြောင်း အကြံပြုချက်များအတွက်၊ ညီအစ်မမယ်ရီရော့၏အမှာစကားကိုရှာကြည့်ဖို့ အသင်းသားများကို ဖိတ်ခေါ်ပါ။ အသင်းသားတို့အား ဘုရားသခင်နှင့် အခြားသူများသို့ ပို၍နီးကပ်စေခြင်းငှာပြုရမည့် ဝိညာဉ်တော်နှိုးဆော်သည့်အရာကို ရေးချရန်အချိန်ပေးပါ။

**ဥ္ဂျင်း ဒီ၊ ဂျုန်း၊** "အတိုင်းထက်အလွန်ရှိသော တန်ဖိုး" ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မြင့်မြတ်သောကိုယ်ပိုင်လက္ခဏာကို နားလည်သောအခါ ကျွန်ုပ်တို့၏အသက်တာများထဲသို့ မည်သည့်ကောင်းချီးမင်္ဂလာများ စီးဝင်လာပါသနည်း။ ဤမေးခွန်းကို ဖြေရန်၊ သင်တို့၏အဖွဲ့ သို့မဟုတ် လူမှုသက်သာရေးအသင်းသားများသည် ညီအစ်မဂျုန်း၏အမှာစကားမှ မရိုင်းမာ၊ ရီနှ၊ ထေးရာနာတို့အကြောင်း ပုံပြင်များကို ပြန်၍ကြည့်ရှုနိုင်ပါသည်။ ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏မြင့်မြတ်သောကိုယ်ပိုင်လက္ခဏာကို သတိရလျက် လိုက်လိုက်လှဲလှဲလက်ခံရန်ကူညီခြင်းငှာ ညီအစ်မဂျုန်းက မည်သည့်ဩဝါဒကို ပေးသနည်း။ အသင်းသားတို့အား ဘုရားသခင်အဖို့ သူတို့၏စစ်မှန်သောထိုက်တန်ခြင်းကို သူတို့နားလည်ရန်ကူညီသည့်ကျမ်းပိုဒ်တစ်ပိုဒ် သို့မဟုတ် ညီအစ်မဂျုန်း၏အမှာစကားမှ ကိုးကားချက်တစ်ခုကို ရှာ၍ ဆွေးနွေးရန် ဖိတ်ခေါ်ပါ။ ဤကျမ်းပိုဒ်များ သို့မဟုတ် ကိုးကားချက်များမှ တစ်ခုကို သူ သို့မဟုတ် သူမ၏မြင့်မြတ်သောထိုက်တန်ခြင်းအကြောင်း သတိပေးခြင်းလိုအပ်သည့်သူ တစ်စုံတစ်ဦးအား ဝေမျှရန် သူတို့ကို ဖိတ်ခေါ်ပါ။



**ဒီးယက်တာ အက်ဖ်၊ ဥခ်ဒေါ့ဖ်၊ "ညီအစ်မ သုံးဖော်"** ဥက္ကဋ္ဌဥခ်ဒေါ့ဖ်၏ အမှာစကားကို ပြန်၍ကြည့်ရှုရန်နည်းလမ်းတစ်ခုမှာ၊ အဖွဲ့သို့မဟုတ် လူမှုသက်သာရေးအဖွဲ့ကို အုပ်စုငယ်များအဖြစ် အဖွဲ့ခွဲခြင်းဖြစ်ပေမည်။ သင်တို့သည် အုပ်စုတစ်စုချင်းစီအား ဥက္ကဋ္ဌဥခ်ဒေါ့ဖ်၏အမှာစကားရှိ ညီအစ်မသုံးယောက်ထဲမှ တစ်ဦးအကြောင်းကို ဖတ်ရှုရန် တာဝန်ပေးနိုင်ပါသည်။ အုပ်စုတစ်ခုချင်းစီသည် သူ၏ဩဝါဒကို အကျဉ်းချုပ်လျက် ထိုညီအစ်မအကြောင်း စာတစ်စောင်ကို ရေး၍၊ မိမိတို့ရေးခဲ့သည့်အရာကို အခြားအုပ်စုများနှင့် ဝေမျှနိုင်ပါသည်။ ကျွန်ုပ်တို့သည် တတိယညီအစ်မနှင့် ပို၍တူလာစေရန် မည်သည့်အရာကို ပြုနိုင်ပါသနည်း။ ကျွန်ုပ်တို့သည် ရုန်းကန်နေကြရသူများအတွက် ကျွန်ုပ်တို့၏အဖွဲ့ သို့မဟုတ် လူမှုသက်သာရေးအဖွဲ့ကို လုံခြုံရာအိမ်အဖြစ် မည်သို့ပြုလုပ်နိုင်ကြပါသနည်း။

**ဒီးယက်တာ အက်ဖ်၊ ဥခ်ဒေါ့ဖ်၊ "အိမ်ကိုတမ်းတခြင်း"** ဘုရားသခင်သည် အခြားသူများကို ကောင်းချီးပေးတော်မူခြင်းငှာ သင်တို့သွန်သင်ပေးသောသူများကို မည်သို့အသုံးပြုလျက်ရှိကြောင်း သူတို့အသိအမှတ်ပြုစေရန် သင်တို့မည်ကဲ့သို့ ကူညီနိုင်သနည်း။ "ဘုရားသခင်သည် သင့်ကို အသုံးပြုလိမ့်မည်"ဟု ခေါင်းစဉ်တပ်ထားသော ဥက္ကဋ္ဌ ဥခ်ဒေါ့ဖ် ၏အမှာစကား၏အပိုင်းကို ပြန်၍ကြည့်ရှုရန် သူတို့ကို သင်တို့ဖိတ်ခေါ် နိုင်ပြီး၊

အားနည်းခြင်းများရှိသော်ငြားလည်း ဘုရားသခင်၏နိုင်ငံတော်၌အစေခံရန်ကြိုးစားသောသူများသို့ ပြုထားသည့်ကတိတော်များကိုရှာလျက်ရှိစေပါ။ ဤအမှာစကားကို ဖတ်ရှုခြင်းသည် အခြားသူများကို ဘုရားသခင်ကောင်းချီးပေးတော်မူခြင်းငှာ မိမိတို့ကို အသုံးပြုတော်မူကြောင်း၊ သို့မဟုတ် သူတို့ကို ကောင်းချီးပေးတော်မူခြင်းငှာ အခြားသူများကို သူအသုံးပြုကြောင်း၊ သူတို့ဝေမျှနိုင်သည့် အတွေ့အကြုံများကိုလည်း အသင်းသားတို့အား ပြန်လည်သတိပေးနိုင်ပါသည်။ ဤဆွေးနွေးခြင်းကြောင့် သူတို့ပြုလုပ်ရန် လမ်းပြလှုံ့ဆော်ခြင်းခံစားရသည့်အရာကို နှလုံးသွင်းဆင်ခြင်ဖို့ အသင်းသားတို့အား အချိန်ပေးပါ။

**ဘော်နီ အယ်လ် အော်စကာဆင်၊** "ကျွန်တော်တို့ရှေ့ရှိ လိုအပ်မှုများ" ညီအစ်မ အော်စကာဆင်၏အမှာစကားအကြောင်း ဆွေးနွေးခြင်းကို စတင်ရန်နည်းလမ်းတစ်ခုမှာ " ဒီနေ့ ကျွန်တော့ကို မည်သူလိုအပ်သနည်း" ဟု ထိပ်မှာရေးထားသည့်စာရွက်တစ်ရွက်ကို လူတိုင်းသို့ ပေးရန်ဖြစ်ပါသည်။ သင်တို့၏ လူမှုသက်သာရေးအဖွဲ့ သို့မဟုတ် အဖွဲ့မှ အသင်းသားများသည် ဤမေးခွန်းအတွက်အဖြေများကို မိနစ်အနည်းငယ် နှလုံးသွင်းစဉ်းစားနေနိုင်ပါသည်။ ထို့နောက်တွင်၊ သူတို့သည် မိမိတို့စာရင်းတွင်ရှိသော သို့မဟုတ်၊ လမ်းပြလှုံ့ဆော်သည့်အတိုင်း ထပ်၍ထည့်ထားသည့်အမည်ရှိ လူများကို မည်သို့အစေခံနိုင်မည့်အကြောင်း စိတ်ကူးများကို ညီအစ်မအော်စကာဆင်၏အမှာစကားတွင် ရှာနိုင်ပါသည်။ အနည်းငယ်တို့သည် မိမိတို့သင်ယူခဲ့ရသည့်အရာကို ဝေမျှနိုင်ပါသည်။

**ဒေလင် အိပ်ချ် အုတ်၊** "အကြံအစည်နှင့် ကြေညာချက်" သင်တို့၏ အဖွဲ့၊ အုပ်စု၊ သို့မဟုတ် လူမှုသက်သာရေးအဖွဲ့ အသင်းသားများသည် "မိသားစုကြေညာချက်" ကို အိမ်၌၊ လူထု၌ ထို့အတူ အသင်းတော်၌ သွန်သင်ပြီး ကျင့်သုံးရန် အယ်လ်ဒါ အုတ်၏ဖိတ်ခေါ်ခြင်းကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်နည်း။ တစ်ယောက်နှင့်တစ်ယောက် စိတ်ကူးများ ဝေမျှရန် သူတို့ကို ဖိတ်ခေါ်ပါ။ ထိုဖိတ်ခေါ်ခြင်းသည် မိသားစုကြေညာချက်မှ အယူဝါဒဆိုင်ရာဖော်ပြချက်အချို့အတွက် ထို့အမှာစကားကိုရှာရန်လည်း အကူအညီပေးနိုင်ပါသည်။ မိသားစုသို့ လက်ရှိစိန်ခေါ်ခြင်းများကို တုံ့ပြန်ရာ၌ ဤဖော်ပြချက်များက ကျွန်တော်တို့ကို မည်သို့ကူညီသနည်း။ အယ်လ်ဒါအုတ်၏အမှာစကား စတုတ္ထပိုဒ်တွင် ထိုကဲ့သို့သောဖော်ပြချက်များ၏ ဥပမာအချို့ပါရှိပါသည်။

**ဒီ၊ တော့ ခရစ်စတိုဖာဆင်၊** "ကောင်းကင်မှကျလာခဲ့သည့် အသက်မုန့်" ၊ လူမှုသက်သာရေးအဖွဲ့နှင့် အဖွဲ့ အသင်းသားများ အယ်လ်ဒါ ခရစ်စတိုဖာဆင်၏အမှာစကားကို ပြန်၍ကြည့်ရှုစဉ် စိတ်ထဲတွင် ရှိနိုင်မည့် မေးခွန်းအချို့မှာ၊ သန့်ရှင်းခြင်းသည် မည်သည့်အရာဖြစ်သနည်း။ ကျွန်တော်တို့သည် သန့်ရှင်းခြင်းကို မည်သို့ရှာဖွေကြသနည်း။ ပွဲတော်စားသုံးခြင်းသည် ကျွန်တော်တို့၏ကြိုးပမ်းမှုများ၌ ကျွန်တော်တို့ကို မည်သို့ကူညီသနည်း။ ဤမေးခွန်းတို့ကို ဖြေရာ၌ ကူညီသည့် အယ်လ်ဒါခရစ်စတိုဖာဆန်၏အမှာစကားမှ စကားတို့ကို အသင်းသားများဝေမျှနိုင်ကြပါသည်။ ပို၍သန့်ရှင်းလာစေရန် ကျွန်တော်တို့၏ကြိုးပမ်းမှုများ၌ ကျွန်တော်တို့သည် တစ်ယောက်ကို တစ်ယောက် အပေါင်းအဖော်သန့်ရှင်းသူများအဖြစ် မည်ကဲ့သို့ ကူညီကြမည်နည်း။

**ဂျက်ဖရီ အာ၊ ဟော်လန်၊** "ထို့ကြောင့်၊ သင်တို့သည် နောက်ဆုံး၌ စုံလင်ကြလော့" သင်တို့သွန်သင်ပေးသည့်သူများမှ အချို့သောသူတို့သည် ကယ်တင်ရှင်၏ သွန်သင်ခြင်း၌နေထိုင်ခြင်းသို့ရောက် သောအခါ၊ မလိုက်နိုင်ကြဟု ခံစားကောင်း ခံစားကြ ပေမည်။ ဤသို့ခံစားရသောသူတို့အား နှစ်သိမ့်၍၊ အားပေးနိုင်သည့်အရာအဖြစ် အယ်လ်ဒါ ဟော်လန်က မည်သည့်အရာကိုသွန်သင်သနည်း။"အလုံးအလောက် ကောင်းမွန်သည်" ဟု ခံစားခြင်းငှာ ရုန်းကန်လျက်ရှိသောသူတစ်စုံတစ်ဦးနှင့် ဝေမျှနိုင်မည့် တစ်စုံတစ်ခုကို ဤအမှာစကား၌ ရှာဖွေရန် လူမှုသက်သာရေးအဖွဲ့၊ သို့မဟုတ် အဖွဲ့အသင်းသားများကို သင်တို့ဖိတ်ခေါ်နိုင်ပါသည်။ သို့မဟုတ်၊ သူတို့အား ခရစ်တော်အတွက် သာ၍ကြီးသောချစ်ခြင်းနှင့် လေးစားခြင်း၊ ထို့အတူ သူကဲ့သို့ဖြစ်လာဖို့သာ၍ကြီးသောဆန္ဒတို့ကို ခံစားရန် လမ်းပြလှုံ့ဆော်သည့်အရာတစ်စုံတစ်ခုကို ထိုအမှာစကားတွင် သူတို့တွေ့နိုင်ပါသည်။

**ဂယ်ရီ အီး၊ စတီဗင်ဆင်၊ "ဝိညာဉ်ပကတိကြွက်ခြင်း"** သင်၏အဖွဲ့ သို့မဟုတ် လူမှုသက်သာရေးအဖွဲ့မှ တစ်စုံတစ်ဦးသည် နေကြတ်ခြင်းကို တွေ့ကြုံဖူးသလော။ တွေ့ကြုံဖူးလျှင်၊ အယ်လ်ဒါစတီဗင်ဆင်ဝေမျှသည့် ဝိညာဉ်ပကတိကြွက်ခြင်းအကြောင်း ပုံခိုင်းခြင်းကို ရှင်းပြရန် ထိုသူတို့အထဲမှ တစ်စုံတစ်ဦးကို သင်ဖိတ်ခေါ်နိုင်ပါသည်။ ယေရှုခရစ်တော်နှင့် သူ့ဧဝံဂေလိတရားတော်၏အလင်း ပမာဏ၊ တောက်ပခြင်းနှင့် နွေးထွေးခြင်းတို့ကို မည်သည့်အတားအဆီးများက ကွယ်နိုင်ပါသနည်း။ လူထုဆက်သွယ်ရေးနည်းများသည် ကျွန်တော်တို့ကို ဧဝံဂေလိတရားတော်၏ အလှတရား၊ နွေးထွေးခြင်းနှင့် ကောင်းကင်ဘုံရှင်အလင်းတို့ထံမှ မည်ကဲ့သို့ စိတ်အာရုံလွဲစေသနည်း။ ကျွန်တော်တို့ကို ဝိညာဉ်ပကတိအလင်းကွယ်ခြင်းမှ ကာကွယ်သည့် ဧဝံဂေလိတရားမျက်မှန်ကို ကျွန်တော်တို့ မည်ကဲ့သို့ဝင်ဆင်ကြသနည်း။ ဧဝံဂေလိတရားအမြင်ကို ဆက်၍ထိန်းသိမ်းခြင်းအကြောင်း အယ်လ်ဒါစတီဗင်ဆင်၏ပုံခိုင်းခြင်းက ကျွန်တော်တို့အား မည့်သည့်အရာကို သွန်သင်သနည်း။

**ကွန်တင် အယ်လ် ကွတ်၊** "နေ့စဉ်ထာဝရ" နှိမ့်ချခြင်းငှာ အမျိုးမျိုးသောနည်းလမ်းများဖြင့်ကြိုးစားခြင်း၏ အရေးကြီးခြင်းအကြောင်းကို အယ်လဒါ ကွတ်၏အမှာစကားက ကျွန်တော်တို့ကို သတိပေးပါသည်။ သူသွန်သင်သည့်အရာကို ဆွေးနွေးရန် နည်းလမ်းတစ်ခုမှာ အသင်းသားများကို အုပ်စုနှစ်ခုအဖြစ် အဖွဲ့ခွဲရန်ဖြစ်ပါသည်။ ကျွန်တော်တို့အား နှိမ့်ချခြင်းဖွံ့ဖြိုးစေဖို့ကူညီနိုင်သည့် အကြံပြုချက်များကို အယ်လဒါကွတ်၏အမှာစကားတွင်ရှာဖွေရန် အုပ်စုတစ်စုကို တောင်းဆိုပါ။ လူတို့မာနတရားကို ဖော်ပြသည့်နည်းလမ်းများကို ရှာဖွေရန် အခြားအုပ်စုတစ်စုကို တောင်းဆိုပါ။ အုပ်စုတစ်စုချင်းစီအား မိမိတို့ဖော်ပြချက်များကို အခြားအုပ်စုနှင့် ဝေမျှရန်ဖိတ်ခေါ်ပါ။ အသင်းသားများသည် မိမိတို့အသက်တာများ၌ "နေ့စဉ်နှိမ့်ချခြင်းကို" သာ၍ဖော်ပြနိုင်သောနည်းလမ်းများကိုလည်း ဝေမျှနိုင်ကြပြီး၊ မိမိတို့ကို ဘုရားသခင်နှင့်တွေ့ခြင်းငှာ ပြင်ဆင်ရန် ဤနှိမ့်ချခြင်းက မည်သို့ကူညီကြောင်းကိုလည်း ဆင်ခြင်နိုင်ကြပါသည်။

**ရော်နယ် အေ၊ ရက်စဘန်၊** "မြင့်မြတ်သောအကြံအစည်တော်အားဖြင့်" အယ်လဒါ ရက်စ်ဘန်၏အမှာစကားအကြောင်းဆွေးနွေးခြင်းကို အားပေးရန်၊ အသင်းသားအနည်းငယ်တို့အား အုပ်ချုပ်ပုံစံတစ်ခု၊ အဆောက်အအုံသေးစိတ်ပုံတစ်ပုံ၊ သို့မဟုတ် ဖော်စပ်နည်းတစ်ခုတို့ကို ယူဆောင်လာစေရန်ဖိတ်ခေါ်ခြင်းသည် အသုံးဝင်နိုင်စေပါသည်။ ထိုအရာများ အဘယ်ကြောင့် အသုံးဝင်ကြောင်းကိုလည်း ပြောပြပါ။ အယ်လဒါရက်စ်ဘန်၏အမှာစကားမှ မည်သည့် ပုံသက်သေ၊ သို့မဟုတ် သွန်သင်ခြင်းက အသင်းသားများအား မိမိတို့အသက်တာများအတွက် ဘုရားသခင်၏အကြံအစည်တော်ကို အသိအမှတ်ပြုရန် လမ်းပြလှုံ့ဆော်သနည်း။ စာသင်ခန်းအသင်းသားများသည်

မိမိတို့အသက်တာများကို
ကိုယ်တော်ရှင်စီမံညွှန်ကြားတော်မူလျက်ရှိကြောင်း မိမိတို့မြင်ရသည့် အတွေ့အကြုံများကို ဝေငှကောင်း ဝေငှနိုင်ပါသည်။ သူတို့သည် ဘုရားသခင်၏စီမံညွှန်ကြားချက်ကို မိမိတို့” တန်ဖိုးထား” ကြောင်း သူ့အားပြရန် မည်သည့်အရာကို ပြုလုပ်ကြပြီးပြီနည်း။ ဘုရားသခင်၏မြင့်မြတ်သောအကြည်အစည်တော်ကို အသိအမှတ်ပြုရေးသည် အဘယ်ကြောင့် အရေးကြီးသနည်း။

**ရပ်ဆဲ အမ်၊ နယ်လဆင်၊** “မော်မုန်ကျမ်း” ထိုကျမ်းမရှိလျှင် သင်၏အသက်တာ မည်သို့ဖြစ်လိမ့်မည်နည်း။ ဉက္ကဋ္ဌနယ်လဆင်သည် အသင်းသားတို့အား မေးခွန်းသုံးခုအကြောင်းကို စဉ်းစားရန် ဖိတ်ခေါ်ပါသည်။ (၁) “မော်မုန်ကျမ်းမရှိလျှင် သင်၏အသက်တာ မည်သို့ဖြစ်လိမ့်မည်နည်း” (၂) “သင်မသိသည့်အရာသည် မည်သည့်အရာဖြစ်လိမ့်မည်နည်း” (၃) သင့်မှာမရှိသည့်အရာသည် မည်သည့်အရာ ဖြစ်လိမ့်မည်နည်း” ။ သင်၏ အဖွဲ့၊ အုပ်စု၊ သို့မဟုတ် လူမှုသက်သာရေးအဖွဲ့ဝင် အသင်းသားတို့အား ဤမေးခွန်းများကို နှလုံးသွင်းစဉ်းစားရန်နှင့် ထိုမေးခွန်းများကို သူတို့မည့်သို့ဖြေမည့်အကြောင်းတို့ကို ဝေငှရန် ဖိတ်ခေါ်ပါ။ မောမုန်ကျမ်းကို “စိန်များ သို့မဟုတ် ပတ္တမြားများ” ထက် တန်ဖိုးထားရန် သူတို့အား လမ်းပြလှုံ့ဆော်သော မည်သည့်အရာကို ဤကျမ်းတွင် သူတို့တွေ့ရှိကြသနည်း။

**ဒေးလ် ဂျီ ရန်လန်း၊** “ယဇ်ပုရောဟိတ်အခွင့်နှင့် ကယ်တင်ရှင်၏ အပြစ်ဖြေခြင်းတန်ခိုးတော်” ယဇ်ပုရောဟိတ်အခွင့်အာဏာက ကယ်တင်ရှင်၏ အပြစ်ဖြေခြင်းမင်္ဂလာ၏ကောင်းချီးမင်္ဂလာများကို သင်၏အဖွဲ့သို့မဟုတ် လူမှုသက်သာရေးအဖွဲ့အသင်းသားများရရှိနိုင်စေရန်မည်သို့ကူညီကြောင်း သူတို့နားလည်စေရန် သင်မည်သို့ကူညီနိုင်သနည်း။ “ ကျွန်တော်တို့သည် ယေရှုခရစ်တော်၏ အပြစ်ဖြေခြင်းမင်္ဂလာကို အဘယ်ကြောင့် လိုအပ်သနည်း” နှင့် “ ယဇ်ပုရောဟိတ်အခွင့်သည် အပြစ်ဖြေခြင်းမင်္ဂလာ၏ကောင်းကြီးမင်္ဂလာများကို ကျွန်တော်တို့ထံသို့ မည်သို့အားဖြင့် ပေးအပ်သနည်း” ဟူသည့် ဤခေါင်းစဉ်နှစ်ခုကို သင်ပုန်းပေါ်မှာ သင်ရေးနိုင်ပါသည်။ ထို့နောက်တွင်၊ အသင်းသားတို့အား၊ ခေါင်းစဉ်တစ်ခုစီအောက်၌ ရေးသားခြင်းငှာ စကားပိုဒ်များကို ရှာဖွေလျက် အယ်လဒါ ရီလန်း၏ အမှာစကားကိုရှာရန် ဖိတ်ခေါ်ပါ။ ကောင်းကင်ဘုံရှင်အဘ၏သားသမီးများအတွက် သူ၏ရည်ရွယ်ချက်များကို ပြီးပြည့်စုံစေရန်



ယဇ်ပုရောဟိတ်အခွင့်နှင့် ၎င်း၏ဘိသိက်မင်္ဂလာများက မည်သို့ကူညီသနည်း။

**ဒီးယက်တာ အက်ဖ်၊ ဉခ်ဒေါ့ဖ်၊** “ကောင်းကင်ဘုံရှင်အလင်းကို ဆောင်ကြသူများ” ၊ အသင်းသားများအား ဉက္ကဋ္ဌ ဉခ်ဒေါ့ဖ် ၏အမှာစကားကိုရှာပြီး၊ မြင့်မြတ်သောအလင်းရှိခြင်း သို့မဟုတ် မရှိခြင်းမှာ ကျွန်တော်တို့အသက်တာများအား မည်သို့အကျိုးသက်ရောက်နိုင်ကြောင်းကို ခွဲခြားသိရှိကြစေရန် ဖိတ်ခေါ်ပါ။ သင်သည် ဉက္ကဋ္ဌ ဉခ်ဒေါ့ဖ် ရည်ညွှန်းသည့် ကျမ်းစာအချို့ကို အသင်းသားများလေ့လာပြီး၊ ဝိညာဉ်ပကတိအလင်းနှင့် ဆက်နွယ်သည့်အမှန်တရားကိုလည်း ခွဲခြားသိရှိကြစေရန် ဖိတ်ခေါ်ပါ။ ဝိညာဉ်ပကတိအလင်းကိုရှာဖွေရာ၌ ရွေးချယ်ပြုမူနိုင်ခွင့်၏အခန်းကဏ္ဍနှင့်စပ်လျဉ်း၍၊ နေလကြတ်ခြင်းအကြောင်းဉပမာစကားက မည်သည့်အရာကို ကျွန်တော်တို့အား သွန်သင်ပေးသနည်း။ ကျွန်တော်တို့သည် ယေရှုခရစ်တော်၏မြင့်မြတ်သောအလင်းတော်ကို အခြားသူများနှင့်၊ အထူးသဖြင့် ကျွန်တော်တို့မိသားစုများနှင့်၊ အလင်းကိုရှာဖွေနေသည့် ကျွန်တော်တို့လူငယ်များနှင့် ဝေငှရန် မည်သည့်အရာကို ပြုနိုင်ကြသနည်း။

**ဟင်နရီ ဘီ၊ အိုင်းရင်း၊** “ကိုယ်တော်ရှင်သည် သူ၏အသင်းတော်ကို ဦးဆောင်၏” သင်၏အဖွဲ့သို့မဟုတ် လူမှုသက်သာရေးအဖွဲ့အသင်းသားများ၏ အမှုတော်ဆောင်တာဝန် သို့မဟုတ် အခြားသောအမှုတော်ဆောင်တာဝန်သည် ဘုရားသခင်ထံမှ လာတော်မူသည်ဟူသော သူတို့၏ယုံကြည်ခြင်းကို ဖွံ့ဖြိုးစေရန်လိုအပ်သည့် အတွေ့အကြုံများကို ဝေငှရန် သူတို့ကို ဖိတ်ခေါ်ပါ။ သူတို့သည် မိမိတို့ယုံကြည်ခြင်းကို မည်ကဲ့သို့ ကျင့်သုံးကြသနည်း။ အမှုတော်ဆောင်တာဝန်သည် ဘုရားသခင်ထံမှ လာတော်မူကြောင်းကို သူတို့မည်သို့ သိလာကြသနည်း။ အသင်းသားတို့အား ဉက္ကဋ္ဌအိုင်းရင်း၏အမှာစကားကို ရှာပြီး၊ကျွန်တော်တို့ကိုယ်တိုင်နှင့် ကိုယ်တော်ရှင်ခေါ်တော်မူထားသည့်အခြားသူများအား ကျွန်တော်တို့ယုံကြည်စိတ်ချရန်နှင့် သည်းခံတတ်ရန် ကူညီနိုင်သည့် သူ၏ကိုယ်တိုင်အတွေ့အကြုံများကို ခွဲခြားသိရှိကြစေရန် ဖိတ်ခေါ်ပါ။

**ဂျင်း ဘီ၊ ဘင်းဟမ်၊** “သင်၏ဝမ်းမြောက်မှု ပြည့်စုံနိုင်စေခြင်းငှာ” ကျွန်တော်တို့သည် ခရစ်တော်ထံသို့ လာကြရာတွင်၊ အသက်တာ၏အခက်အခဲများ ရှိသော်ငြားလည်း၊ ဝမ်းမြောက်မှုကို မည်သို့ရှာဖွေရန်နားလည်နိုင်စေခြင်းငှာ သင်၏လူမှုသက်သာရေးအဖွဲ့၊ သို့မဟုတ် အဖွဲ့အသင်းသားတို့ကို ညီအစ်မဘင်းဟမ်၏အမှာစကားက ကူညီနိုင်ပါသည်။ သူမ၏အမှာစကားကို ဆွေးနွေးရန်နည်းလမ်းတစ်ခုမှာ သင်ပုန်းပေါ်တွင် ဝမ်းမြောက်မှုဟူသောစကားလုံးဆီသို့ ဦးတည်သည့် လမ်းကြောင်းတစ်ခုကို ရေးဆွဲရန်ဖြစ်ပါသည်။ စစ်မှန်သောဝမ်းမြောက်မှုဆီသို့ ဦးတည်သည့် ညီအစ်မဘင်းဟမ်၏အမှာစကားမှအကြံပြုချက်တစ်ခုကို ထိုလမ်းကြောင်းပေါ်၌ ရေးရန် အသင်းသားအချို့ကို ဖိတ်ခေါ်ပါ။ ညီအစ်မဘင်းဟမ်၏သြဝါဒကို

သူတို့ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စဉ်းစားကြဖို့ အသင်းသားများကို ဖိတ်ခေါ်ပါ။ အသင်းသားအချို့အား မိမိတို့အတွေးများကို ဝေငှရန်ဖိတ်ခေါ်ပါ။

**ဒေးဗစ် အေ၊ ဘက်နာ၊**
"ကြီးမြတ်၍အဖိုးထိုက်သောကတိတော်များကို ကျော်လွှန်ခြင်း" သင်၏လူမှုသက်သာရေးအဖွဲ့ သို့မဟုတ် အဖွဲ့အသင်းသားတို့အား အယ်လဒါဘက်နာ၏ အမှာစကားကို ဆွေးနွေးရာ၌ ကူညီရန်၊ သင်သည် ဥပုသ်၊ ဗိမာန်တော်၊ ထို့အတူ ကျွန်ုပ်တော်တို့၏အိမ်များကို သရုပ်ဖော်ရန် ပန်းချီကားများကို သင်ပုန်းပေါ်တွင် ကပ်နိုင်ပါသည်။ အသင်းသားတို့အား အယ်လဒါဘက်နာ၏ အမှာစကားမှ သက်ဆိုင်ရာအခန်းကိုဖတ်ရှု၍၊ ဥပုသ်နေ့၊ ဗိမာန်တော်၊ ထို့အတူ ကျွန်ုပ်တော်တို့၏အိမ်များက ကျွန်ုပ်တော်ထံသို့ ရှိတော်မူသည့် ဘုရားသခင်၏ကတိတော်များကို ကျွန်ုပ်တော်တို့အာရုံစိုက်စေရန်မည်သို့ ကူညီကြောင်းကို သင်ပုန်းပေါ်တွင်ရေးသားရန် ဖိတ်ခေါ်ပါ။ ကျွန်ုပ်တော်တို့၏အသက်တာများတွင်၊ ကျွန်ုပ်တော်တို့၏အာရုံစိုက်ခြင်းကို ထိုကတိတော်များထံမှဝေးရာသို့ မည်သည့်အရာများက အတင်းဆွဲဖယ်သနည်း။ ထိုကတိတော်များကို ကျွန်ုပ်တော်တို့သတိရကြောင်းသေချာစေရန် မည်သည့်ခြေလှမ်းကို ကျွန်ုပ်တော်တို့ လှမ်းရမည်နည်း။

**ဟင်နရီ ဘီ၊ အိုင်းရင်း၊** "ကောင်းမြတ်သည့်အရာကို ပြုရန် မကြောက်နှင့်"
ဥက္ကဌအိုင်းရင်း၏အမှာစကားသည် သင်သွန်သင်ပေးသည့်သူတို့အား လောကထဲတွင် ကောင်းမြတ်သောအရာကို ပြုခြင်းဟာ သတ္တိနှင့် ယုံကြည်ခြင်းကို ရှာဖွေရန် ကူညီနိုင်ပါသည်။ ဥက္ကဌအိုင်းရင်းဝေငှသည့် သစ္စာရှိသောလူများအကြောင်း ဥပမာများကို အကျဉ်းချုပ်ရန် အသင်းသားအချို့ကို သင်ဖိတ်ခေါ်နိုင်ပါသည်။ အခြားသူများအား မည်ကဲ့သို့ အစေခံရမည့်အကြောင်း၊ ဤဥပမာများက ကျွန်ုပ်တော်တို့အား မည်သည့်အရာကို သွန်သင်ပေးသနည်း။ အဖွဲ့ သို့မဟုတ် လူမှုသက်သာရေးအဖွဲ့အနေဖြင့် ကျွန်ုပ်တော်တို့အစေခံနိုင်သည့်နည်းလမ်းများအကြောင်း ဤဥပမာများက မည်သည့်အရာကို အကြံပြုသနည်း။ ဤအမှာစကားကို ဆွေးနွေးရန် နောက်နည်းလမ်းတစ်ခုမှာ မော်မုန်ကျမ်းကိုလေ့လာရန် ဥက္ကဌမွန်ဆွန်၏ဩဝါဒကို လိုက်လျှောက်ခြင်းအားဖြင့်၊ ဥက္ကဌအိုင်းရင်းသိမြင်ခဲ့သည့် ကောင်းချီးမင်္ဂလာများကို ပြန်၍ကြည့်ရှုရန်ဖြစ်ပါသည်။ မော်မုန်ကျမ်းကို လေ့လာခြင်းအားဖြင့် မည့်သည့်ကောင်းချီးမင်္ဂလာများကို ကျွန်ုပ်တော်တို့သိမြင်ရပြီးပြီနည်း။

**အမ်၊ ရပ်ဆဲလ် ဘောလာ့ဒ်၊**
"ခြေလျင်ခရီးရှည်ဆက်ပြီးရှိ၏"
အယ်လဒါဘောလာ့ဒ်၏ အမှာစကားအကြောင်းဆွေးနွေးရန်မှာ၊ သူတို့၌ ပန်းတိုင်လမ်းဆုံးရှိသော်လည်း မှားသောလမ်းကြောင်းပေါ်ရောက်နေကြောင်း တွေ့ရှိရသည့် အတွေ့အကြုံတစ်ခုကို ဝေငှရန် တစ်စုံတစ်ဦးကို သင်ဖိတ်ခေါ်နိုင်ပါသည်။ ဤကဲ့သို့သောဥပမာများသည် ကောင်းကင်ဘုံရှင်အဘထံသို့ ပြန်သွားရသည့် ကျွန်ုပ်တော်တို့ကိုယ်တိုင်၏" ခြေလျင်ခရီးရှည်" နှင့် မည်သို့ ဆက်နွယ်သနည်း။ ထို့နောက်တွင်၊ ကျွန်ုပ်တော်တို့ကိုယ်တိုင်၏ အသက်တာများ၌၊ မှန်သည့်ဘက်သို့ ဦးတည်ခြင်းရှိမရှိကို သိဖို့ ကူညီနိုင်သည့်၊ အယ်လဒါဘောလာ့ဒ်ပေးသည့် ဩဝါဒနှင့် သတိပေးချက်များကို အသင်းသားများ ရှာဖွေနိုင်ပါသည်။ အသင်းသားများအား သူတို့ကိုယ်တိုင်၏လမ်းများကို နှလုံးသွင်းစဉ်းစားဆင်ခြင်ရန်နှင့်အခြားသောသူများကို ကောင်းကင်ဘုံရှင်အဘထံသို့ ပြန်သွားသည့် သူတို့၏ "ခြေလျင်ခရီးရှည်" ၌ ကျွန်ုပ်တော်တို့ ကူညီအားပေးနိုင်သည့် နည်းလမ်းများကို ဆွေးနွေးရန် အချိန်ပေးပါ။

**နေးလ် အယ်၊ အန်ဒါဆန်၊**
"ကိုယ်တော်ရှင်၏အသံတော်"
သင်၏လူမှုသက်သာရေးအဖွဲ့ သို့မဟုတ် အဖွဲ့အသင်းသားများသည် သူတို့အတွက် အထွေထွေညီလာခံအမှာစကားမှာ အထူးသဖြင့် အဓိပ္ပာယ်ရှိသည်ဟုခံစားရသည့် အတွေ့အကြုံတစ်ခုကို ဝေငှကောင်းဝေငှနိုင်ပါသည်။ ဤအမှာစကားများသည် အဘယ်ကြောင့် အဓိပ္ပာယ်ရှိသနည်း။ အထွေထွေညီလာခံအမှာစကားများနှင့် ၎င်းတို့ကို ပြင်ဆင်ခြင်း၌ပါဝင်သည့် ကြိုးပမ်းမှုနှင့် လုပ်ငန်းစဉ်တို့၏ ထူးခြားချက်အကြောင်း အယ်လဒါအန်ဒါဆန်က မည်သည့်အရာကို သွန်သင်သနည်း။ ကျွန်ုပ်တော်တို့ဤစကားများကို လေ့လာပြီးနားထောင်ရမည့်အရေးကြီးမှုကို ဤအသိတရားက မည်သို့ သက်ရောက်မှုရှိသနည်း။ လတ်တလောညီလာခံမှ ဖိတ်ခေါ်ခြင်းများအား စာရင်းတစ်ခုပြုခြင်းကို စဉ်းစားပါ။ ဤဖိတ်ခေါ်ချက်များကို အရေးယူဆောင်ရွက်ရန် မည်သည့်အရာကို ကျွန်ုပ်တော်တို့ ပြုလုပ်ပြီးပြီနည်း။

## စတုတ္ထမြောက်တနင်္ဂနွေနေ့ အစည်းအဝေးများ

လတစ်လတိုင်း၏စတုတ္ထမြောက်တနင်္ဂနွေနေ့တွင်၊ အဖွဲ့များ၊ အုပ်စုများ၊ ထို့အတူ လူမှုသက်သာရေးအဖွဲ့တို့သည် ပထအဆင့်မဉက္ကဌအဖွဲ့နှင့် တမန်တော်တစ်ကျိပ်နှစ်ပါးအဖွဲ့မှ ရွေးချယ်ထားသော အကြောင်းအရာကို ဆွေးနွေးကြပါသည်။ ဤအကြောင်းအရာတို့ကို အထွေထွေညီလာခံတိုင်းတွင် နောက်ဆုံးသတင်းကို ဖော်ပြမည်ဖြစ်ပါသည်။ နောက်အထွေထွေညီလာခံအထိ အကြောင်းအရာမှာ ဥပုသ်နေ့ဖြစ်လိမ့်မည်။ ခေါင်းဆောင်သို့မဟုတ် ဆရာများသည် အောက်ပါအကြံပြုထားသော အယူဝါဒနှင့် သင်ယူခြင်းလှုပ်ရှားမှုများမှ၊ အချို့ကို ပေါင်းစပ်၍၊ သို့မဟုတ်၊ အသင်းသားတို့၏လိုအပ်ချက်များအတိုင်း ကိုယ်သဘောနှင့် ဖန်တီးနိုင်ပါသည်။

**ဥပုသ်နေ့သည် ဘုရားသခင်ကျွန်ုပ်တို့အတွက် ပြုတော်မူခဲ့သောအရာများ သတိရရန်နေ့ဖြစ်သည်။**
သမိုင်းတစ်လျှောက်တွင်၊ ဘုရားသခင်သည် အချို့သောအားကြီးသည့်အမှုတော်များကို ဥပုသ်နှင့်နှီးနွယ်ခဲ့ပါသည်။ အားကြီးတော်အမှုတော်တို့တွင်၊ ဖန်ဆင်းခြင်း (ကမ္ဘာဦးကျမ်း ၂း၁-၃ တွင်ကြည့်ပါ)၊ ဣသရေလအမျိုးသားတို့အီဂျစ်ပြည်မှ ထွက်မြောက်ခြင်း (တရားဟောရာကျမ်း ၅း၁၅ တွင်ကြည့်ပါ)၊ ထို့အတူ ကယ်တင်ရှင် ရှင်ပြန်ထမြောက်တော်မူခြင်း (ယောဟန် ၂၀း၁-၁၉ ; တမန်တော်ဝတ္ထု ၂၀း၇ တွင်ကြည့်ပါ)။ ဤစာပိုဒ်တို့ကို ပြန်၍ကြည့်ရှုရန် အသင်းသားတို့ကို ဖိတ်ခေါ် ပြီး၊ ဤအဖြစ်အပျက်တစ်ခုချင်းစီကို သတိရခြင်းက ကျွန်ုပ်တော်တို့အား ဥပုသ်နေ့ကိုလေးစားရန် မည်သို့ကူညီကြောင်း ဆွေးနွေးပါ။ ဥပုသ်နေ့တွင်၊ ကျွန်ုပ်တော်တို့သည် ဤအရာတို့ကို မည်သို့အားဖြင့် သတိရနိုင်ကြသနည်း။ အသင်းသားတို့အား ဤကဲ့သို့သောမေးခွန်းများကို သူတို့မိသားစုများ၌ ဆွေးနွေးရန် သင့်လျော်သည့်အခါ ဖိတ်ခေါ်ပါ။

**ယေရှုသည် ဥပုသ်၏ကိုယ်တော်ရှင်ဖြစ်၏**
ဥပုသ်ကို ကိုယ်တော်ရှင်၏နေ့ဟုလည်း ခေါ်ပါသည် (ဗျာဒိတ်ကျမ်း ၁း၁၀ တွင်ကြည့်ပါ)။ ယေရှုခရစ်တော်ကို ဥပုသ်၏ကိုယ်တော်ရှင်ဟုခေါ်ကြောင်း အဘယ့်ကြောင့် သင်ထင်သနည်း (မဿဲ ၁၂း၈ တွင်ကြည့်ပါ)။

အသင်းသားတို့အား
သူတို့၏ဥပုသ်နေ့အတွေ့အကြုံများကို
ယေရှုခရစ်တော်၌
ဗဟိုပြုရန်နည်းလမ်းများကိုစဉ်းစားစေခြင်းဖြင့်
လမ်းပြလှုံ့ဆော်ရန်ကူညီသည့် ကျမ်းပိုဒ်အနည်းငယ်ကို
အတူတကွ ပြန်၍ကြည့်ရှုပါ (ဥပမာအားဖြင့်၊ ဟီလမန်
၅း၁၂၊ သော ၁၂း၄၁၊ မော်ရိုနိုင်း ၁၀း၃၂၊ ထို့အတူ
အယူဝါဒနှင့်ပဋိညာဉ် ၆း၃၆-၃၇) ။ အသင်းသားတို့အား
ဥပုသ်ကို ပို၍ခရစ်တော်ဗဟိုပြုဖြစ်စေရန်ကူညီနိုင်သည့်
အခြားမည်သည့်ကျမ်းပိုဒ်များကို သူတို့ဝေမျှနိုင်သနည်း။
ကျွန်တော်တို့ကို ခရစ်တော်အပေါ် အာရုံစိုက်စေခြင်းဖြင့်
ကူညီရန် မည်သည့်မျှော်မှန်းချက်များကို ကျွန်တော်တို့
ချမှတ်နိုင်သနည်း။

## ဥပုသ်နေ့ကိုလေးစားရာတွင် ယေရှုသည် ကျွန်တော်တို့၏ပုံသက်သေဖြစ်ပါသည်။

သူ၏သေခြင်းရှိသောအမှုတော်ဆောင်စဉ်အတွင်း၌၊
ကယ်တင်ရှင်သည် ဥပုသ်နေ့အကြောင်းကို
သွန်သင်ခြင်းဖြင့် အခွင့်ကောင်းယူခဲ့ပါသည်။
အသင်းသားတို့အား
အောက်ပါအကြောင်းတို့ကိုဖတ်ရှုစေပြီး၊ ဥပုသ်နေ့၌
ယေရှုခရစ်တော်ပြုတော်မူခဲ့သည့်အရာများနှင့်
သူသွန်သင်ခဲ့သည့်
အခြေခံသဘောတရားများ၏စာရင်းကို
ပြုရန်တောင်းဆိုပါ။ လုကာ ၆း၁-၁၁၊ ၁၃း၁၁-၁၇၊
ယောဟန် ၅း၁-၂၀၊ ၉း၁-၁၆။ ကျွန်တော်တို့သည်
အောက်ပါကျမ်းပိုဒ်များမှ
မည်သည့်အခြေခံသဘောတရားများအကြောင်းကို
သင်ယူကြသနည်း။ ထွက်မြောက်ရာကျမ်း ၂၀း၈-၁၁၊
၃၁း၁၂-၁၈၊ ဟေရှာယ ၅၈း၁၃-၁၄၊ ထို့အတူ၊
အယူဝါဒနှင့်ပဋိညာဉ် ၅၉း၉-၁၉။
ကယ်တင်ရှင်၏ပုံသက်သေနောက်သို့လိုက်လျှောက်ရန်
အသင်းသားတို့လုပ်နိုင်သည့်အရာများကို ဝေမျှရန်
ဖိတ်ခေါ်ပါ။
ရပ်ဆဲလ် အမ်၊ နယ်လဆင်၊ "ဥပုသ်သည်
ပျော်မွေ့ဖွယ်တစ်ခုဖြစ်၏" အင်ဆိုင်း သို့မဟုတ်
လီယာဟိုနာ မေ ၂၀၁၅၊ ၁၂၉-၃၂ တွင်လည်း ကြည့်ပါ။

## ဥပုသ်နေ့သည် ဝတ်ပြုကိုးကွယ်ရာနေ့တစ်နေ့ဖြစ်သည်။

ဝတ်ပြုကိုးကွယ်ခြင်းဟူသောစကားလုံးကို
သင်ပုန်းပေါ်တွင်ရေး၍၊ ဆက်နွယ်သည့်
အခြားသောစကားလုံးများကို
ထိုစကားလုံး၏ဘေး၌ရေးရန် အသင်းသားတို့အား
တောင်းဆိုပါ။ ထို့နောက်၊
ကော်လံတစ်ခုချင်းစီ၏ထိပ်တွင် မတိုင်မီ၊ အတွင်းနှင့်
ပြီးနောက် ဟူသောစကားလုံးများဖြင့်
ကော်လံသုံးခုပြုလုပ်ပါ။
ကျွန်တော်တို့သည် ကိုယ်တော်ရှင်ကို
သူ၏သန့်ရှင်းသောနေ့တွင် ဝတ်ပြုကိုးကွယ်ရန်
ဝတ်ပြုပွဲ မတိုင်မီ၊ ဝတ်ပြုပွဲအတွင်းနှင့်
ဝတ်ပြုပွဲပြီးနောက် မည်သည့်အရာကို
ပြုလုပ်နိုင်သနည်း။
အသင်းသားစာသင်သူတို့သည် စိတ်ကူးများရရှိရန်
မိုဇိယ ၁၈း ၁၇-၂၉ နှင့် မော်ရိုနိုင်း ၆ ကို
အတူတကွ ဖတ်ရှုနိုင်ပါသည်။ အသင်းသားတို့အား
ဥပုသ်နေ့တွင် မိမိတို့၏ သဘောထားများနှင့်
အပြုအမူများက ထိုနေ့တွင် ကိုယ်တော်ရှင်ကို
ဝတ်ပြုရန်မည်ကဲ့သို့ ကူညီလျက်ရှိကြောင်း
နှလုံးသွင်းဆင်ခြင်ကြရန် ဖိတ်ခေါ်ပါ
(ထွက်မြောက်ရာကျမ်း ၃၁း၁၆-၁၇ တွင်ကြည့်ပါ)။
အသင်းတော်အစည်းအဝေးများအတွင်း
ကျွန်တော်တို့မိသားစုများနှင့်
ရပ်ကွက်အသင်းသားများ၌ရှိနေသည့်
ဝတ်ပြုကိုးကွယ်ခြင်းအတွေ့အကြုံများကို
တိုးတက်ဖို့ကူညီရန် မည်သည့်အရာကို ကျွန်တော်တို့
ပြုလုပ်နိုင်ကြသနည်း။

## ပွဲတော်မင်္ဂလာကိုစားသုံးခြင်းသည် ကျွန်တော်တို့နှင့်အတူ ဝိညာဉ်တော်အမြဲရှိစေရန် ကျွန်တော်တို့ကို အခွင့်ပေးပါသည်။

အောက်ပါမေးခွန်းကို သင်ပုန်းပေါ်တွင် ရေးပါ။
ပွဲတော်မင်္ဂလာသည် သင်၏အသက်တာကို မည်ကဲ့သို့
သက်ရောက်မှုရှိသနည်း။ ဤမေးခွန်းကို ဖြေရန်၊
အသင်းသားတို့အား အယူဝါဒနှင့်ပဋိညာဉ်များကျမ်း
၂၀း၇၇၊ ၇၉ ရှိ ပွဲတော်ဆုတောင်းခြင်းမှ စာတစ်ပိုဒ်နှင့်၊
အယူဝါဒနှင့်ပဋိညာဉ်များကျမ်း ၅၉း၉ ရှိ သြဝါဒတို့ကို
ရွေးချယ်ပြီး၊ ဆွေးနွေးစေခြင်းဖြင့် စုံတွဲလိုက်
အဖြေရှာရန် ဖိတ်ခေါ်ပါ။ စုံတွဲတစ်တွဲစီကို
သူတို့စာပိုဒ်အား ပို၍နားလည်စေရန်ကူညီခြင်းဖြင့်နှင့်
မေးခွန်းကိုသင်ပုန်းပေါ်မှာ
သူတို့မည်သို့ဖြေမည့်အကြောင်းဆွေးနွေးရန်
အချိန်ပေးပါ။ သင်သည် စာသင်သူအသင်းသားတို့အား
အနှစ်သက်ဆုံးပွဲတော်မင်္ဂလာဓမ္မသီချင်းကို ရွေးချယ်ပြီး
အတူတကွသီဆိုရန်လည်း ဖိတ်ခေါ်ပါ။ ချီရယ် အေ၊
အက်စပလင်၊ "ပွဲတော်မင်္ဂလာ-စိတ်ဝိညာဉ်အတွက်
အားသစ်လောင်းခြင်း၊" အင်ဆိုင်း သို့မဟုတ်
လီယာဟိုနာ၊ နို၊ ၂၀၁၄၊ ၁၂-၁၄ တွင်လည်းကြည့်ပါ။

## ဥပုသ်နေ့သည် အခြားသောသူများအား အစေခံရန်နေ့ တစ်နေ့ဖြစ်၏။

ကယ်တင်ရှင်၏ပတ်ဝန်းကျင်၌ရှိသောသူတို့အား
သူအစေခံပြီး၊ ကောင်းချီးပေးတော်မူသည့် နည်းများမှ
ဥပုသ်နေ့တွင် အခြားသောသူများအား
အစေခံခြင်းအကြောင်း၊ မည်သည့်အရာကို
ကျွန်တော်တို့ သင်ယူနိုင်ကြသနည်း။
အသင်းသားများအား
မဿဲ ၉း၁၀-၁၃၊ လုကာ ၁၉း၁-၉၊ ယောဟန် ၁၁း၃၂-
၄၆၊ ၁၃း၁-၅၊ ၁၂-၁၇ နှင့် ၃ နီဖိုင်း ၁၇း၅-၁၀ တိုကို
ပြန်၍ကြည့်ရှုပြီး၊ ဆွေးနွေးရန် တိုက်တွန်းပါ။
ဥပုသ်နေ့တွင် မည်သို့အစေခံနိုင်သည့်အကြောင်း
အသင်းသားများတွေးတောစဉ်တွင်
ဤကျမ်းစာများအကြောင်းကို စဉ်းစားရန်
တောင်းဆိုပါ။ ဥပမာအားဖြင့်၊ သူတို့သည်
မိသားစုဝင်များကို အစေခံနိုင်ကြ၊ အိမ်သင်နှင့်
အလည်အပတ် ဆရာများအဖြစ်
သူတို့အမှုတော်ဆောင်သည့် တစ်ဦးချင်းစီနှင့်
မိသားစုများသို့ ဖြန့်ကြက်နိုင်ကြ၊ မိသားစုသမိုင်းကို
ပြုစုနိုင်ကြ၊ ဖျားနာသောသူများသို့
အလည်အပတ်သွားနိုင်ကြ၊ သို့မဟုတ်၊
ဧဝံဂေလိတရားကို ဝေမျှနိုင်ကြပါသည်။
အသင်းသားများသည် ဥပုသ်နေ့တွင် အခြားသူများကို
မိမိတို့ အစေခံနိုင်သည့် နည်းလမ်းများကို စီစဉ်ရန်
မိသားစုအထူးအစည်းအဝေးပြုလုပ်ကောင်း
ပြုလုပ်နိုင်ပါသည်။

